# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်လမ်းများ၊ တံတားများဥပဒေ

## (၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

## မွန်ပြည်နယ်လမ်းများ၊ တံတားများဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | |
| ၂။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ | ၁ - ၂ |
| ၃။ | အခန်း(၂) | |
| | ရည်ရွယ်ချက်များ | ၂ - ၂ |
| ၄။ | အခန်း(၃) | |
| | ကော်မတီဖွဲ့စည်းခြင်း၊ | ၃ - ၃ |
| ၅။ | အခန်း(၄) | |
| | ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၄ - ၅ |
| ၆။ | အခန်း(၅) | |
| | ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ - ၆ |
| ၇။ | အခန်း(၆) | |
| | ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၆ - ၇ |
| ၈။ | အခန်း(၇) | |
| | တားမြစ်ချက်များ | ၇ - ၈ |
| ၉။ | အခန်း(၈) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၈ - ၉ |
| ၁၀။ | အခန်း(၉) | |
| | အထွေထွေ | ၉ - ၉ |

# မွန်ပြည်နယ်လမ်းများ၊ တံတားများဥပဒေ
## (၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ်   ၅။ )
## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
## ( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ   ၉   ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်လမ်းများ၊ တံတားများဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က လမ်းနှင့်တံတားများ လုပ်ငန်းတာဝန်ပေးသော ဝန်ကြီးကိုဆိုသည်၊

(ဃ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ပြည်နယ်လမ်းနှင့်တံတား ကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်၊

(င) **ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကို ဆိုသည်၊

(စ) **လမ်း** ဆိုသည်မှာ ကော်မတီက သတ်မှတ်သော လမ်းနှင့်ယင်းလမ်း၏နယ်နိမိတ်ကို ဆိုသည်၊

(ဆ) **တံတား** ဆိုသည်မှာ ကော်မတီက သတ်မှတ်သောတံတားကို ဆိုသည်၊

(ဇ) **ယာဉ်** ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်၊

(ဈ) **တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်၊

(ည) **လှည်း** ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်၊

(ဋ) **ဘီးကွပ်** ဆိုသည်မှာ ဘီးတွင် တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာ တစ်မျိုးမျိုးကို ဆိုသည်၊

(ဌ) **အသုံးပြုသူ** ဆိုသည်မှာ ကော်မတီက ဤဥပဒေအလို့ငှာ သတ်မှတ်သောလမ်းနှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်၊

(ဍ) **အသုံးပြုခြင်း** ဆိုသည်မှာ ကော်မတီက သတ်မှတ်သော လမ်း၊ တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်၊

(ပ) **အသုံးပြုခ** ဆိုသည်မှာ ကော်မတီက သတ်မှတ်သော လမ်း၊ တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရသည့် အခကြေးငွေကို ဆိုသည်၊

(ဏ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ အရ ကော်မတီက ဖွဲ့စည်းသော အဖွဲ့ကိုဆိုသည်၊

(တ) **ကောက်ခံသူ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ စနစ်တကျအသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဖြင့်နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေး တို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်နယ်အတွင်း လမ်းသစ်များ ဖောက်လုပ်ခြင်း၊ တံတားသစ်များ ဆောက်လုပ်ခြင်းဖြင့် လည်းကောင်း၊အဝေးပြေးလမ်းမကြီးများနှင့် ဆက်သွယ်သည့်လမ်းများ၊ ချိတ်ဆက်လမ်းများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုစေရန်၊

(ဃ) လမ်းများ၊ တံတားများ တိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊

(င) လမ်းများ၊ တံတားများပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းကို စနစ်တကျကြီးကြပ် ကွပ်ကဲရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်လမ်းနှင့်တံတားကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး၊ပြည်နယ်အစိုးရအဖွဲ့၊လမ်းနှင့်တံတားလုပ်ငန်းတာဝန် ပြည်နယ်အစိုးရအဖွဲ့၊ | ဥက္ကဋ္ဌ |
| (ခ) | အင်ဂျင်နီယာမှူးကြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ | အဖွဲ့ဝင် |
| (င) | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်မြေစာရင်းဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး ပြည်နယ်သစ်တောဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဈ) | ခရိုင်အင်ဂျင်နီယာမှူး မော်လမြိုင်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ | အဖွဲ့ဝင် |
| (ည) | ခရိုင်အင်ဂျင်နီယာမှူး သထုံခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ | အဖွဲ့ဝင် |
| (ဋ) | ပြည်နယ်အင်ဂျင်နီယာမှူးကြီး ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။ | အတွင်းရေးမှူး |

၅။ အစိုးရအဖွဲ့သည် ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်အရ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ ချမှတ်နိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လမ်းများဖောက်လုပ်ရေး၊ တံတားများဆောက်လုပ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) အဝေးပြေးလမ်းမကြီးများနှင့်ဆက်သွယ်သည့် လမ်းများ၊ တံတားများကို အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ စီမံကိန်းချမှတ် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အတွင်း ဖောက်လုပ်လျက်ရှိသော လမ်းများ၊ ဆောက်လုပ်လျက်ရှိသောတံတားများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းများ၊ တံတားများနှင့် လမ်းများ၊ တံတားများ၏ နယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

(စ) ပြည်နယ်အတွင်း ပြည်ထောင်စုလမ်းများ ဖောက်လုပ်ရန်၊ တိုးချဲ့ရန် လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) ပြည်နယ်အတွင်း လမ်းများ၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်း၊

(ဇ) ပြည်နယ်အတွင်း လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် အကျိုးတူလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဈ) ပြည်နယ်အတွင်း လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ ဆောင်ရွက်ရာတွင်မြေသိမ်းယူခြင်း၊ အဆောက်အဦဖယ်ရှားခြင်းကိစ္စနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ည) ပြည်နယ်အတွင်း ပြည်ထောင်စုမှစီမံခန့်ခွဲသော လမ်းများ၊ တံတားများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သည်များကို အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဋ) ပြည်နယ်အတွင်း စည်ပင်သာယာရေးနှင့် ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊

(ဌ) ပြည်နယ်အတွင်း လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့်နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဍ) ပြည်နယ်အတွင်း လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) အသုံးပြုသူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဏ) ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့သို့ တာဝန်ပေးဆောင်ရွက်စေခြင်း။

၇။ ကော်မတီသည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အသုံးပြုခကောက်ခံရမည့် လမ်းများနှင့်တံတားများကို သတ်မှတ်ခြင်း၊

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထား သတ်မှတ်ခြင်း၊

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့်ဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

(ဃ) အသုံးပြုခကောက်ခံရန် သတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ကောက်ခံသူအဖြစ် ရွေးချယ်တာဝန်ပေးခြင်း၊

(င) အသုံးပြုခကောက်ခံခြင်းမှ သက်သာခွင့်၊ ကင်းလွတ်ခွင့်ပြုခြင်း။

## အခန်း(၅)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီသည် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်အင်ဂျင်နီယာ — အဖွဲ့ခေါင်းဆောင်
မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊

(ခ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ဂ) အရာရှိကိုယ်စားလှယ် — အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊

(ဃ) အရာရှိကိုယ်စားလှယ် — အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊

(င) အရာရှိကိုယ်စားလှယ် အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

၉။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) သတ်မှတ်သည့်နှုန်းထားအတိုင်း အသုံးပြုခ ကောက်ခံခြင်းကို ကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်၊

(ဂ) ကောက်ခံသူက အသုံးပြုခကို သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံခြင်း ရှိ မရှိ စစ်ဆေးရမည်၊

(ဃ) ကော်မတီက ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

## အခန်း(၆)
## ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်း လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့် စပ်လျဉ်း၍ ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ခ) ပြည်နယ်အတွင်း လမ်းများအသစ်ဖောက်လုပ်ခြင်း၊ တံတားများအသစ်ဆောက်လုပ်ခြင်းအတွက် လမ်းအူကြောင်း ရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်လမ်းများ၊ တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များစိုက်ပျိုးရန်နှင့် အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အတွင်း လမ်းများ၏ လမ်းအကျယ်နှင့် လမ်းပခုံးသားအကျယ် သတ်မှတ်ခြင်း၊

(င) ပြည်နယ်အတွင်း လမ်းများ တိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း၊ လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာနိုင်ရေးအတွက် လမ်းလွှဲဖောက်လုပ်ရန် စီမံဆောင်ရွက်ခြင်း၊

(စ) ပြည်နယ်အတွင်း လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့်ဘီးအမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှင့်လှည်းတွင် အသုံးပြုသည့်ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဆ) ပြည်နယ်အတွင်း လမ်းများ၊ တံတားများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကိုလိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဇ) ပြည်နယ်အတွင်း လမ်းများ၊ တံတားများ ပျက်စီးမှုကာကွယ်ရန်အတွက် လိုအပ်သည့် ဆောင်ရွက်ရန်များနှင့်တားမြစ်ချက်များထုတ်ပြန်ခြင်း၊ ယင်းထုတ်ပြန်ချက်များကို လိုက်နာခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့်အရေးယူခြင်း၊

(ဈ) ပြည်နယ်အတွင်း လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ည) ပြည်နယ်အတွင်း အသုံးပြုခကောက်ခံသည့် လမ်းများ၊ တံတားများတွင် သတ်မှတ်ထားသောယာဉ်နှင့် ဝန်တင်အလေးချိန်စစ်ဆေးမှုကိုမခံယူဘဲ မရိုးမဖြောင့်သော သဘောဖြင့် လမ်းများ၊ တံတားများအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့် ယာဉ်များ၊ မောင်းနှင်ထွက်ပြေးသည့်ယာဉ်များနှင့် တန်ပိုတင်ဆောင်ထားသည့်ယာဉ်များအား စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

(ဋ) ပြည်နယ်အတွင်း စည်ပင်သာယာရေးလမ်းများ၊ တံတားများ၊ ကျေးလက်လမ်းများ၊ တံတားများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စရပ်များကို ကော်မတီသို့တင်ပြပြီး ကော်မတီ၏ တာဝန်ပေးချက်အရ ဆောင်ရွက်ခြင်း။

၁၁။ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုဆောင်ရွက်ရန် ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့အား လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၂။ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်း၊ တံတားလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ကော်မတီသို့တင်ပြရမည်။

## အခန်း(၇)
## တားမြစ်ချက်များ

၁၃။ မည်သူမျှ လမ်းများ၊ တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ် သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို သိလျက်နှင့်ထားရှိခြင်း မပြုရ။

၁၄။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ -

(က) လမ်းများ၊ တံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း မပြုရ၊

(ခ) လမ်းများ၊ တံတားများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း မပြုရ၊

(ဂ) လမ်းများ၊ တံတားများ၏နယ်နိမိတ်အတွင်း ကန့်တူးဖော်ခြင်း မပြုရ။

၁၅။ မည်သူမျှ -

(က) လမ်းများဖောက်လုပ်ခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ၊

(ခ) လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခွင့်ကန့်သတ်ထားသည့် ယာဉ်နှင့်ဘီး အမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့်လှည်းတွင်အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း တပ်ဆင်မောင်းနှင်ခြင်းမပြုရ။

(ဂ) လမ်းများ၊ တံတားများ၏နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

၁၆။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်း မပြုရ။

၁၇။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

၁၈။ မည်သူမျှ -

(က) လမ်းများ၊ တံတားများ ပျက်စီးခြင်းမှကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက် ကန့်သတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ခ) လမ်းများ၊ တံတားများတွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ဂ) လမ်းများ၊ တံတားများ နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း မပြုရ၊

(ဃ) အသုံးပြုခကို ပေးဆောင်ရန်ပျက်ကွက်ခြင်း မပြုရ၊

(င) မိမိ၏အရမ်းပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှုကြောင့် ပျက်စီးသွားသော လမ်းများ၊ တံတားများကို ပြုပြင်ရန် ကော်မတီက တပ်ရိုက်သောဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်ခြင်း မပြုရ။

၁၉။ မည်သူမျှ ပြည်နယ်အတွင်း တန်ပိုတင်ဆောင်ခြင်း၊ လမ်းအသုံးပြုခကောက်ခံသည့် လမ်းတံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း၊ မောင်းနှင်ထွက်ပြေးခြင်း မပြုရ။

## အခန်း(၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၉)
## အထွေထွေ

၂၅။ ဤဥပဒေအရ အရေးယူသောပြစ်မှုအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၆။ ပြည်နယ်အတွင်းလမ်းများ၊ တံတားများကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက် လျှပ်စစ်ဓါတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

၂၇။ ကော်မတီသည် အသုံးပြုခနှုန်းထားများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် ဆောင်ရွက်ရမည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့